၁၂။ **အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်းနှင့် ငြင်းပယ်ခြင်း**

သတ်မှတ်ချက်များနှင့် မညီညွတ်သည့် တင်ဒါများသည် ရွေးချယ်ရန် မသင့်သည့် အိတ်ဖွင့်တင်ဒါရှင်များ **အဖြစ် သတ်မှတ်မည် ဖြစ်သည်။** တင်ဒါရွေးချယ်သည့်အဖွဲ့ အနေဖြင့် မည်သည့် အိတ်ဖွင့်တင်ဒါကိုမဆို အကြောင်းမဖော်ပြဘဲ ပယ်နိုင်ခွင့်ရှိသည်။

၁၃။ **လုပ်ငန်း အာမခံသက်တမ်းသတ်မှတ်ခြင်း**

လုပ်ငန်းအာမခံသက်တမ်းသတ်မှတ်ခြင်း သဘာဝဘေးအန္တရာယ်မှအပ တာဝန်ယူ ဆောင်ရွက်သည့် အဖွဲ့အစည်း/ကုမ္ပဏီ၏ ကြီးကြပ်မှု အားနည်းချက်အရ လည်းကောင်း၊ စံချိန်စံညွှန်း မပြည့်ဝမှုကြောင့် လည်းကောင်း ပျက်စီးမှုရှိပါက လုပ်ငန်းလက်ခံပြီး (၂)နှစ်အတွင်း ဖြစ်ပေါ်သည့် ပျက်စီးမှုများကို မိမိစရိတ်ဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရမည်။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအစီရင်ခံစာများကို လုပ်ငန်းအပ်နှံသူထံ အပတ်စဉ် ပုံမှန်တင်ပြသွားရမည်။

၁၄။ လုပ်ငန်းနှင့်ပတ်သက်သည့် QC စစ်ဆေးခြင်းနှင့် QC ဝန်ထမ်းလစာတို့ကို တင်ဒါအောင်မြင်သူမှ ကျခံရမည်။

၁၅။ တင်ဒါတင်သွင်းသူသည် မိမိလုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ငန်းအား မြေပြင်သို့ သွားရောက်ကြည့်ရှုပြီးမှ စနစ်တကျတွက်ချက်၍ တင်သွင်းရမည်။

၁၆။ အိတ်ဖွင့်တင်ဒါအောင်မြင်သူသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်နှင့် စာချုပ် ချုပ်ဆို ဆောင်ရွက်ရမည်။

၁၇။ အိတ်ဖွင့်တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်များအရ ပြည့်စုံစွာတင်ပြရမည်။

၁၈။ ပူးတွဲပါဇယားများအတိုင်း ခန့်မှန်းခြေစာရင်း တွက်ချက်တင်ပြရမည်။

**အိတ်ဖွင့်တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များ**

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ

(ခ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

(ဂ) ရန်ကုန်တိုင်းဒေသကြီးဌာနမှ ခွင့်ပြုထားသော Registration ကတ်

(ဃ) လုပ်ငန်းတန်ဘိုးအချုပ်စာရင်း

(င) အဆိုပြု Master Plan

(စ) လုပ်ငန်းတစ်ရပ်ခြင်းအတွက် တန်ဘိုး (BQ) , BE , Abstract of cost , Drawing , တို့ကို မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ လက်မှတ်ရေးထိုး တင်ပြရမည်။

(ဆ) လုပ်ငန်းဆောင်ရွက်ချက်ပြဇယား (Schedule Programme)

(ဇ) အာမခံစပေါ်ငွေ Deposit တင်သွင်းသည့် ချလံမူရင်း(၁)စောင်။

(ဈ) အတိအကျဆောင်ရွက်မည့် Working Schedule ပူးတွဲတင်ပြရန်။